# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
# ဗီယင်နာမြို့

**ပုံစံ (၁၅) ပေးပို့ထားသူများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဲဆန္ဒရှင်စာရင်းတွင် အမည်မပါရှိပါက အမည်စာရင်းထည့်သွင်းပေးရန် ပုံစံ (၃) ဖြင့် သံရုံးမှတစ်ဆင့် တောင်းဆိုနိုင်ပါကြောင်း အသိပေးကြေညာခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲဆန္ဒရှင်စာရင်းကို အများပြည်သူ ကြည့်ရှုနိုင်ရန်အတွက် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၌ ၂၅-၇-၂၀၂၀ ရက်နေ့မှ ၁၄-၈-၂၀၂၀ ရက်နေ့အထိ (၂၁) ရက်ကြာ ကြေညာထားမည်ဖြစ်ပါကြောင်းနှင့် ပုံစံ (၁၅) ပေးပို့ထားသော်လည်း သက်ဆိုင်ရာ မဲဆန္ဒရှင်စာရင်းတွင် အမည်မပါရှိပါက မဲပေးခွင့် ရရှိနိုင်မည် မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ မြန်မာသံရုံး၊ ဗီယင်နာမြို့သို့ ပုံစံ (၁၅) ပေးပို့ထားသည့် ဩစတြီးယား နိုင်ငံမှမြန်မာနိုင်ငံသားများအနေဖြင့် မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ကြေညာထားသည့် မဲဆန္ဒရှင်စာရင်းတွင် မိမိအမည်ပါ/မပါ မိသားစုဝင် (သို့မဟုတ်) အသိမိတ်ဆွေတစ်ဦးဦး၏ အကူအညီဖြင့် ကြည့်ရှု ပေးကြပါရန် နှင့် မိမိအမည် မပါဝင်ပါက ပူးတွဲဖော်ပြပါပုံစံ(၃) အား ပြည့်စုံစွာ ဖြည့်စွက်လျက် အောက်ပါစာရွက်စာတမ်း/အထောက်အထားများနှင့်အတူ သံရုံးသို့စာတိုက်မှတစ်ဆင့် လည်းကောင်း၊ သံရုံးအီးမေးလ် ([myaemb.vienna@gmail.com](mailto:myaemb.vienna@gmail.com)) သို့လည်းကောင်း **၁၇-၈-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍** ဆောလျင်စွာ ပေးပို့ပေးနိုင်ပါရန် အသိပေးနှိုးဆော် အပ်ပါသည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ခ) အိမ်ထောင်စုစာရင်းမိတ္တူ

၃။ အထက်ပါကိစ္စနှင့်ပတ်သက်၍ နီးစပ်ရာ မြန်မာမိတ်ဆွေအသိုင်းအဝိုင်းသို့ သိရှိနိုင်ရေး အတွက် ဆက်လက်ဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မြန်မာသံရုံး၊ ဗီယင်နာမြို့
၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၉ ရက်